# မြန်မာ့ရိုးရာလိင်ဟာသပုံပြင်များ

## (၂)ငါးကြင်းသွားဝယ်သူ

တူ–တူမလေးတို့ရေ၊ဘကြီးဖြိုးဒီနေ့မင်းတို့လေးတွေကိုပြောပြမဲ့ပုံပြင်လေးကတော့ "ငါးကြင်းသွားဝယ်သူ "ဆိုတဲ့ပုံပြင်လေးပါဘဲကွယ်။ ပုံပြင်လေးကဒီလိုကွဲ့–––

–– အိမ်တစ်အိမ်မှာ လင်မယားနှစ်ယောက်ရယ်၊ အင်မတန်ဆော့အင်မတန်ကမြင်းတဲ့ တာတေလန်တဲ့ သား လေးတစ်ယောက် ရယ် စုပေါင်းနေထိုင်ကြသတဲ့ကွယ်။

လင်မယားတို့ထုံးစံအတိုင်း ညစဉ်ဆော်ကြတာတော့ သဘာဝတစ်ရပ်မို့လို့ အထူးမပြောလို ပါဘူးလေ။ သို့သော် ကာမဆန္ဒ ဆိုတာကလည်းအခက်သားကလား၊ လုပ်ပါဟဲ့–လုပ်ပါဟဲ့ ဆိုတုံးကလီးမတောင်ဘူး၊ လမ်းသွားနေရင်းမိုးတိုးမတ်တတ်နဲ့ ကျမှ ကိုရွှေပန်းကထတောင်ပြီး ပုဆိုးထဲကရုန်းထကြွလာလို့ဘတ်စ်ကားဂိတ်မှာ ရုတ်ချည်း ငုတ်တုပ်ထိုင်လိုက်ရတဲ့အဖြစ်မျိုးတွေကလည်းအများသားကလား။

အလားတူပါဘဲ။သားတော်မောင်မျောက်လောင်းအိပ်တဲ့အချိန်ကျမှအလုပ်ဖြစ်ကြတာ ထိုလင်မယား ၂ ယောက်အတွက် အနှောင့်အယှက်မရှိပေမဲ့။တစ်နေ့မှာမနက် ဇနာရီလောက် မျောက်လောင်းကလည်းနိုးနေပြီး အိမ်ပေါ်တက်လိုက်ပြေးဆင်းလိုက် ကမြင်း ကြောထနေချိန်ကျမှ လင်တော်မောင်ရဲ့အင်္ဂါဇာတ်ကြီးကစောစောစီးစီးအစာထ တောင်းတယ်လေ။ဒီတော့လင်တော်မောင်အကြပ်ရိုက်ပြီပေါ့။ဒီတော့ သားတော်မောင် မျောက်လောင်းကို ပထုတ် မှဆိုပြီး ၊ "*ဟေ့ကောင်၊လာစမ်း၊ဒီနေ့အိမ်ကို ဧည့်သည် တွေလာမယ်။ငါးဟင်းချက်ကျွေးရအောင်၊ဈေးထဲကငါးကြင်းတစ်ကောင်လောက်သွား ဝယ်စမ်း၊ငါ့အကျီအိတ်ကပ်ထဲကပိုက်ဆံယူသွား* " လိမ်ညာပြီးနှင်ထုတ်လိုက်သတဲ့ ကွယ်။သဘောကတော့ဈေးကလည်း နည်းနည်းလေးလှမ်းတော့ ဒီအချိန်ကလည်း ငါး ကြင်းပေါ်ချိန်မဟုတ်တော့၊သားတော်မောင်ဈေးထဲမှာရှာလည်လို့ကြာနေချိန် ၊ဖေဖေနဲ့ မေမေ ကအချိန်ရှိခိုက်ခြင်ထောင်ထဲမှာလုံ့လစိုက်ကြမဲ့သဘောပါဘဲကွယ်။

သားတော်မောင်မျောက်လောင်းကလဲ၊ ပညာသာမကြိုးစားတာ၊ ဥာဏ်ကတော့ အသွားသားကွဲ့၊ မနေ့ကဘယ်သူနဲ့မှလည်းမတွေ့ဖြစ်ဘဲ၊တစ်နေ ကုန်အရက်သောက် ပြီးအိပ်နေတဲ့ဘိုးတော်က ဘယ့်နှယ့် မနက်စောစောစီးစီးကျမှ ဧည့်သည်တွေလာမယ်။ ငါးကြင်းသွားဝယ်ဆိုတာမဖြစ်နိုင်ဘူး၊ထူးခြားနေတယ်။တစ်ခုခုဖြစ်ရမယ်။ ငါ့ကိုဘာ

လိုမ့် ကြမလို့ ပါလိမ့်ဆိုပြီးဒွိဟပွားပြီး၊ " *ဟုတ်ကဲ့အဖေ၊ကျွန်တော်အခုဘဲ သွားဝယ်လိုက် ပါ့မယ်* " လို့ အဘနဲ့ အမ တို့ ကျေနပ် ကြအောင် ပြန်လိုမ့်ပြီး အိမ်ထဲကနေအသံကြားအောင်အိမ်ပေါ်ကပြေးဆင်းသွားပြီးမှ၊ တိတ်တိတ်လေး အိမ်အောက် ကစပါးတောင်းကြီးထဲမှာပြန်ဝင်ခိုနေလိုက်ပါသတဲ့ကွယ်။

ဒီတော့အိမ်အပေါ်ထပ်က ဇနီးမောင်နှံကလည်းသားတော်မောင်တော့လစ်ပြီ၊လုပ်ငန်းစကြမဟဲ့ဆိုပြီ၊ " တဖွတ်–ဖွတ်၊တဖွပ်တဖွပ် " နဲ့ ဆော်ကြတီးကြတော့တာပေါ့။ ဘာပြောကောင်းမလဲ– တူ၊တူမလေးတို့ ရေ။တစ်အိမ်လုံးဆိုတာ ကမ္ဘာအေးငလျင်လှုပ်တဲ့အတိုင်းဘဲ၊အိမ်တိုင်တွေတောင်နဲ့ ကုန်မလားဘဲ။

အိမ်အောက်ထပ် ပုတ်တောင်းဘေးက သားတော်မောင်ကလည်းအခုမှဘဲဘာကြောင့်သူ့ကိုမရှိနိုင်တဲ့ငါးကြင်းကိုသွားဝယ်ခိုင်းတာကို သဘောပေါက်တော့တာပေါ့။ ဒီ တော့–သိ ကြရောပေါ့။အဘတို့ အမတို့ ရာ–တာတီးကိုလာဖြီးလို့ မရဘူး။ ပြန်ပညာတော့ပေးရမယ် ဆိုပြီးအကြံဥာဏ်ထုတ်နေသတဲ့။

အိမ်ပေါ်ကခြင်ထောင်ထဲက လင်မယားနှစ်ယောက်လုံးလည်း အားရပါးရ ၂ချီလောက်ဆော်ပြီးတော့၊မောသွားတာနဲ့ ယောကျ်ားလုပ်သူက မိန်းမအပေါ်မှာမှောက်ရက်သားကြီး ဖိမ်ယူနေသေးတယ်တဲ့။ ပြီးတော့လင်မယားတို့ ထုံးစံအတိုင်းစကားစမယ် ခဏပြောကြတာပေါ့။" *မိန်းမရေ–ငါမင်းကိုဆော်လာတာ တာတီးတစ်သက်ရှိနေပြီ၊ ကာမဆက်ဆံနေတုံးမင်းတို့ မိန်းမတွေရဲ့ သဘာဝကိုငါသတိမထားမိဘူးကွ။ ဗဟုသုတအနေနဲ့ ပြောပြစမ်းပါဦး၊မင်းတို့ မိန်းမတွေပြီးခါနီးအထွဋ်အထိပ်ရောက်ရင်ဘယ်လိုဖြစ်လာတုံးကွ* " လို့ မေးတော့၊ မိန်းမလုပ်သူက " *သြော်–ကိုရင်ခွေးကလည်း၊ ဒါလေးတောင်သတိမထားမိဘူးလား၊မျက်လုံးကြီးပြူးထွက်လာတာပေါ့ရှင်၊ဒါနဲ့ ရှင်တို့ ယောကျ်ားတွေကရော၊ပြီးခါနီး ဘယ်လိုဖြစ်လို့ တုံး* " လို့ ပြန်ဖြေ၊ပြန်မေးလုပ်တော့ ယောကျ်ားလုပ်သူက " *အေးကွ–ရှင်မရ၊ငါတို့ ယောကျ်ားတွေကပြီးခါနီးသုတ် ထွက်ခါနီးရင် နှာခေါင်းကြီးနီရဲပြီးပွတက်လာတယ်ကွ* " လို့ ပြန်ဖြေတယ်။ လင်လုပ်သူက စကားတွေသာဖောင်နေတယ်။အပေါ်ကနေထပ်လျက်သားကလည်းမဆင်း၊ သူ့ လိင်တံကြီး ကိုလည်း မိန်းမ အဝှာထဲမှာမြုပ်ထိုးထားတာလဲပြန်မနှုတ်တော့၊အောက်ကမိန်းမက ရာဂဆန္ဒလည်းပြည့်ပြီးနေပြီဖြစ်လို့ ." *ကိုရင်ခွေးကည်း–ဆင်းပါတော့၊ အသက်ရှူရကြပ်လာပြီ၊တာတီးလည်းပြန်လာတော့မယ်* " လို့ ငြူစူ လိုက်တော့ လင်ဖြစ်သူက " *နေစမ်းပါဦးကွာ။ခဏလေးစိမ်ထားပါရစေဦးဟာ* " လို့ ပြန်ဖြေတယ်။

သားတော်မောင်ကလည်း ဒီအချိန် ဟာဘိုင်စကုပ်ထဲမှာလိုရဲဝင်ဖမ်းဖို့ အချိန်ကျရောက်ပြီဘဲ။ ငါအိမ်ပေါ်တက်တော့မှဆိုပြီး၊ အဝေးကနေဘဲအပြေးပြန်လာတဲ့ပုံစံမျိုးနဲ့ " *အဘရေ–ကျွန်တော်ဈေးကပြန်ရောက်ပြီဗျ* " ဆိုပြီး အိမ်ပေါ်ကိုပြေးတက်သွားတယ်။

သားတော်မောင်အသံလည်းကြားရောအဖေလုပ်သူကဂမူးရှူးထိုးနဲ့ ခြင်ထောင်ထဲကနေအလန့်တကြားအိမ်ရှေ့ကိုပြေးထွက်လာပြီး၊ " ဟေ–ဟုတ်လား၊ ညော့်သည်တွေအတွက် ငါးကြင်းဝယ်ခဲ့ရဲ့လား " လို့လှမ်းမေးတယ်။ ဒီတော့သားတော်မောင် ကိုလူချော က" မဝယ်ခဲ့ပါဘူးအဖေရယ်။ငါးကြင်းကအထီးကြီးဖြစ်နေလို့ " ဆိုပြီးပြန်ဖြေတယ်။ သားတော်မောင်အဖြေစကားကြားတော့ အဖေလုပ်သူကဒေါသထွက်လာပြီး၊ " *အောင်မာ–ငါလိုးမသား–မင်းက ငါးကြင်းအထီးမှန်း–အမမှန်းဘယ်လိုလုပ်ခွဲသလဲ၊ ငါတို့ လူကြီးတွေတောင်မခွဲတတ်ဘူး၊ ပြောပြစမ်းပါဦးကျေးဇူးရှင်ရဲ့* " ဆိုတယ်။

ဒီတော့သားတော်မောင်က " ငါးကြင်းအထီး–အမခွဲတာများလွယ်လွယ်လေးပါအဖေရာ၊သားခွဲတတ်ပါတယ်။ **ငါးကြင်းအထီးကြီးကလေ – နှာခေါင်းကြီး နီရဲ ပြီးပွလို့ဗျ ! ၊ ငါးကြင်းအမကြီးတွေကျတော့ မျက် လုံးကြီး တွေပြူးလို့ဗျ !!** " လို့အသံဗြဲကြီးနဲ့တမင်တကာ လျောင်ပြောင် အရုက်ခွဲတဲ့ အသံ မျိုးကြီးနဲ့ပြန်ဖြေတော့၊ ဟာခွေးမသား–ငါတို့လုပ်တာဒီကောင်ချောင်းနားထောင် နေတာဘဲဆိုပြီး သဘောပေါက် သွားပြီး ဒေါသလဲဖြစ်–ရှက်ရမ်း ရမ်းတဲ့အနေနဲ့ ရော။ပေါင်းစပ်ပြီး၊ သားတော်မောင်ကို သူ့အမေရှေ့ မှာတင်အိမ်ပေါ်ထပ်က ဖနောင့်နဲ့ ဆောင့်ကန်ချလိုက်တာ လေကားက တစ်ဆင့် သားတော်မောင်လဲ ဒလိမ့်ခေါက်ကွေး နဲ့ လိမ့်ကျသွားလိုက်တာ၊ အိမ်ရှေ့က ဝက်လူးတဲ့ ရွှံ့ နွံတွေနဲ့ ရေအိုင်လေးထဲကို ဗွတ် ကနဲ့ပြုတ်ကျသွားတာပေါ့။

အဖေလုပ်သူကဒေါသအရှန်မသေသေးဘဲ။ထပ်ရိုက်ဦးမဟဲ့ဆိုပြီး၊" ခွေးမ သား–ပြန်တက်ခဲ့စမ်း၊မင်းကိုငါမကျေနပ်သေးဘူး " လို့လှမ်းခေါ်တော့ ဝက်လူးရေအိုင် လေးထဲ မှာမှောက်နေတဲ့သားတော်မောင်ဘသားချောက တောင်းပန်တိုးရှိုးတဲ့အသွင်သဏ္ဍာန်လေးကိုဆောင်ကာ သာယာနာပျော်ဘွယ်ရာ အသံလေးနဲ့အော်ပြောလိုက်တာကတော့

"**ခဏလေးစိမ်ထားပါရစေဦးအဖေ !!** "

–တူ၊တူမလေးတို့ရေ။ဘကြီးဖြိုးရဲ့ "ငါးကြင်းသွားဝယ်သူ" ဆိုတဲ့ပုံပြင်လေးကို ဒီမှာဘဲ အဆုံးသတ်လိုက်ပါတယ်ကွယ်။နောက်နေ့ကျရင်ဒီထက်ပိုပြီးရယ်ရွှင်ဘွယ်ရာကောင်း တဲ့ပုံပြင်သစ်တွေ အများကြီးဘကြီးဆက်ပြောပြဦးမယ်ကွဲ့။ဒီနေ့ တော့ ဒီလောက်နဲ့ ဘဲကျေနပ်ကြပါလို့။–-------

@@@@@@@@@@@@@